Government of Western Australia
North Metropolitan Health Service
Mental Health, Public Health and Dental Services

# သွားနှုတ်ပြီးနောက် လိုက်နာရမည့် ညွှန်ကြားချက်များ

## သွားနှုတ်ပြီးနောက် သင့်အနေဖြင့် လိုက်နာသင့်သည့် ညွှန်ကြားချက် များစွာရှိသည်။

## ယနေ့

- သွေးထွက်ခြင်း ရပ်တန့်နိုင်ရေး အကူအညီဖြစ်စေရန် သင့်ပါးစပ်ထဲတွင် ဂွမ်းပတ်စတစ်ခုအား ထည့်ထားရမည်။ ဂွမ်းပတ်စအား မဖယ်ရှားခင် မိနစ် ၃၀ ကြာ ဂွမ်းပတ်စပေါ် သေသေချာချာ ကိုက်ထားပါ။
- သွေးထုံး/ သွေးခဲခြင်းအား အဟန့်အတားဖြစ်စေနိုင်သဖြင့် သွားနှုတ်ပြီးနောက် ၂၄ နာရီကြာ ပါးစပ်အား အာလုတ်မကျင်းပါနဲ့။
- ထုံနေစဉ်  စားသောက်ခြင်း မပြုရပါ။ အထုံပျယ်သွားပြီးနောက် ပါးစပ်၏အခြားတစ်ဖက်နှင့် စားသောက်နိုင်သည်။ သို့သော်လည်း ပူလွန်း/ အေးလွန်းတာ မစားရပါ။
- ထုံနေစဉ် သင့်၏နှုတ်ခမ်း သို့မဟုတ် ပါးမို့အား မကိုက်မိစေရန် သတိထားပါ။
- သွေးထုံး/ သွေးခဲခြင်းအား အဟန့်အတားဖြစ်စေနိုင်သဖြင့် အေးလွန်းသည့်အရာများ/ ရေခဲရေများ မသောက်ပါနှင့်။
- သွားနှုတ်ပြီးပြီးချင်း တစ်နေကုန် အားကစား သို့မဟုတ် လေ့ကျင့်ခန်းလုပ်ခြင်း ရှောင်ကြဉ်ပြီး အနားယူပါ။
- ၂၄ နာရီကြာ အရက်မသောက်ပါနှင့်။
- အနာကျက်ရာတွင် နှောင့်နှေးနိုင်သဖြင့် ၇ ရက်တိတိ ဆေးလိပ်မသောက်ပါနှင့်။

## မနက်ဖြန်

- ရေနွေးထည့်ထားသည့်ဖန်ခွက်ထဲသို့ ဆားလက်ဖက်စားဇွန်းတစ်ဝက်ခန့်ထည့်ဖျော်ပြီး သွားနှုတ်ထားသည့် နေရာတစ်ဝိုက် ဆားဖျော်ရည်ဖြင့် အသာအာလုတ်ကျင်းပြီး ထွေးထုတ်ပါ။
- အစားစားပြီးတိုင်းနှင့်အိပ်ရာမဝင်မီ ၇ ရက် ဆက်တိုက် ဆားဖျော်ထားသည့်ရေဖြင့် သွားနှုတ်ထားသည့် နေရာ တစ်ဝိုက် ညင်သာစွာ အာလုတ်ကျင်းပါ/ ဆေးကြောပါ။

## သွေးထွက်ခြင်း

- ပထမ ၁၂ နာရီ မှ ၂၄ နာရီအတွင်း သွေးအနည်းငယ်ထွက်ခြင်းသည် ပုံမှန်ဖြစ်သည်။.
- အကယ်၍ သွေးမတိတ်ဘဲ ဆက်ထွက်နေပါက လက်ကို စင်ကြယ်စွာဆေးပါ။ ထို့နောက် သန့်ရှင်းသည့် ဂွမ်းပတ်စတစ်ခုအား အဆိုပါနေရာတစ်ဝိုက် ထည့်ပါ။ မိနစ် ၃၀ ကြာ အဆိုပါဂွမ်းပတ်စအား သေသေချာချာ ကိုက်ထားပါ။
- ခေါင်းအနည်းငယ် မော့ထားပြီး အနားယူပါ။.
- အကယ်၍ သွေးဆက်ထွက်နေပါက သို့မဟုတ် ပိုမိုပြင်းထန်လာပါက သင့်၏ သွားဆေးခန်းသို့ ဆက်သွယ်ပါ။ အကယ်၍ ဆေးခန်းပိတ်ထားပါက  အကြံဉာဏ် တောင်းခံရန် တယ်လီဖုန်းအမှတ် ၁၈၀၀ ၀၉၈ ၈၁၈ သို့ ညနေ ၆၃၀ မှ မနက် ၈ နာရီအကြား ဖုန်းဆက်ပါ။

## နာကျင်မှုသက်သာခြင်း

- နောက် ၃ ရက်ကြာအောင် နာကျင်မှုအား ခံစားနေရမည်။ လိုအပ်ပါက ပါရာစီတမော့ အကိုက်အခဲပျောက်ဆေး သောက်ပါ။ ဆေးညွှန်းတွင် ဖော်ပြထားသည့် ညွှန်ကြားချက်များအား လိုက်နာပါ။
- ၎င်းတို့သည် သွေးပိုမိုထွက်စေသဖြင့် အက်ပရင် သို့မဟုတ် အိုင်ဘျူပရိုဖန်း ( ဥပမာ နျူရိုဖန်း) အား မသောက်ပါနှင့်။
- နာကျင်မှုအတွက် ဆေးဝါးနှင့်ပတ်သက်ပြီး မေးစရာတစ်စုံတစ်ရာရှိပါက သင့်၏ အထွေထွေဆရာဝန် သို့မဟုတ် ဆေးဝါးကျွမ်းကျင်သူအား မေးပါ။

Continued on next page

## သွားနှုတ်ပြီးနောက် အရွယ်ရောက်သူများ လိုက်နာရမည့် အခြားအချက်အလက်များ

- သွားနှုတ်ပြီးနောက် ဖူးရောင်ခြင်းသည် ၃၆ နာရီ မှ ၄၈ နာရီကြာ ဆက်လက်ရှိနေမည်။
- ၄- ၅ ရက်ကြာပြီးနောက် ဖူးရောင်ခြင်း စတင်လျော့နည်းလာမည်။
- ဖူးရောင်ခြင်း သက်သာစေရန် ဖူးရောင်သည့်နေရာတစ်ဝိုက် မိနစ် ၂၀ ကြာ ရေခဲပတ်အသုံးပြုပါ။ ၁၀ မိနစ် ခွာထားပါ။ ထို့နောက် ထပ်ကပ်ပါ။
- ဖူးရောင်ခြင်း လျော့သွားသည့်တိုင် အချို့ ပွန်းပဲ့ဒဏ်ရာများသည် ကျန်နေနိုင်သေးသည်။ .
- ခေါင်းအုံး ၂ လုံးဖြင့် အိပ်ပါ။ သို့မှသာ သင့်ခေါင်းသည် အနည်းငယ် မြင့်နေလိမ့်မည်။
- ပါးစပ်ဟရန် အခက်အခဲရှိကောင်းရှိနိုင်သည်။ ၎င်းသည် ပုံမှန်ဖြစ်ပြီး အရောင်ကျသွားပါက ပိုမို လွယ်ကူလာမည်။
- လိုအပ်ပါက အရည်များနှင့် အစာပျော့များသာ စားပါ။ တစ်ဖြည်းဖြည်းနှင့် နောက်လာမည့်အပတ်တွင် ပုံမှန်အစားအသောက်များ ပြန်လည်စားသောက်ပါ။
- ပုံမှန်သွားတိုက်ခြင်းအား တတ်နိုင်သမျှ လုပ်ပါ။ .
- ဖူးရောင်တာ မရပ်ပါက အောက်ပါဖုန်းအမှတ်ပါ ဆေးခန်းသို့ ဆက်သွယ်ပါ။

CLINIC
STAMP

## အခြားသိလိုသည့်အချက်အလက်များအတွက် သင့်၏ သွားဆရာဝန်နှင့် ဆွေးနွေးပါ။

**အချက်အလက်များပိုမို သိရှိလိုပါသလား သို့မဟုတ် သဘောထားမှတ်ချက် ပေးလိုပါသလား?**
ဤစာရွက်စာတမ်းအား တောင်းခံလိုပါက မျက်မမြင်လက်ရေးစာ၊ အသံတိပ် သို့မဟုတ် အီလက်ထရောနစ် ပုံစံတစ်မျိုးမျိုးဖြင့် ပြောင်းလဲပေးနိုင်သည်။


Communications Officer, Dental Health Services
Locked Bag 15, Bentley Delivery Centre, WA 6983

(08) 9313 0555

publications@dental.health.wa.gov.au

**www.dental.wa.gov.au**


ဤစာရွက်စာတမ်းတွင် အသုံးပြုထားသည့် ရုပ်ပုံတစ်ခုတစ်ရာသည် သရုပ်ပြရန် ရည်ရွယ်ချက်သက်သက်ဖြစ်ပြီး ယေဘုယျလမ်းညွှန်အဖြစ် အသုံးပြုနိုင်သည်။

CONSUMER REVIEWED

HealthyWA Health information for Western Australians

© 2020 Dental Health Services WA. All rights reserved.

DHS14 v 09/22_Burmese